# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

## ကရင်ရိုးရာဂါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသို့ ပေးပို့သောကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၂၇၅၅ ခုနှစ်၊ လါးခု လပြည့်(၁၅)ရက်၊
- ဩဂုတ်လ (၁၈)ရက်၊ ၂၀၁၆ ခုနှစ်

ကရင့်သက္ကရာဇ် ၂၇၅၅ ခုနှစ်၊ လါးခု လပြည့်နေ့၊ ယနေ့ ဂါခေါင်လပြည့်(၁၅)ရက်၊ ခရစ်နှစ် ၂၀၁၆ ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့သည် ကရင်အမျိုးသားများ၏ ကရင့်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပသောနေ့ ဖြစ်ပါသည်။ ဤဂါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာနေ့ အခါသမယတွင် ကရင်အမျိုးသားများအားလုံး ကရင်အမျိုးသားရေးစိတ်ဓါတ်အပြည့်ဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးရန်ခပ်သိမ်း ကင်းဝေးကြစေလိုကြောင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချည်ဖြူဖွဲ့မင်္ဂလာ ဂါခေါင်လ လက်ချည်ပွဲတော်သည် ကရင်လူမျိုးများ၏ မွန်မြတ်၍တန်ဖိုးရှိသော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ချည်ဖြူဖွဲ့မင်္ဂလာ ဂါခေါင်လ လက်ချည်ပွဲတော်သည် ယခုခေတ်ကါလမှ ပေါ်ပေါက်လာသော ယဉ်ကျေးမှုမဟုတ်ဘဲ ကရင် လူမျိုးတို့နှင့်အတူ ဘိုးစဉ်ဘောင်ဆက်ပါရှိလာသည့် ကရင်အမျိုးသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတခုဖြစ်သည်။ ချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားကို ဂါခေါင်လပြည့်နေ့တွင် ကျင်းပပြုလုပ်သည်ဖြစ်၍ ဂါခေါင်လက်ချည်ပွဲဟုလည်းခေါ်သည်။ ကရင်အမျိုးသား ရိုးရာယဉ်ကျေးမှု ချည်ဖြူဖွဲ့မင်္ဂလာလက်ချည်ပွဲသည် နေရာအနှံ့အပြားတွင် ရောက်ရှိနေကြသော ကရင်အမျိုးသားမိသားစုဝင်များ၊ ဆွေမျိုးသားချင်းများတို့မှ ပြန်လည်စုစည်းပြီး အတူတကွပျော်ရွှင်စွာ လက်ချည်ပေးခြင်းအားဖြင့် မိသားစု၊ ဆွေမျိုးသားချင်းများနှင့် ဝေးကွာနေကြသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ(ရုပ်၊နာမ်)နှစ်ခုစလုံးကို ပြန်လည်စုစည်းပေါင်းစပ်ပေးပြီး မိမိလူမျိုး၊ မိသားစုများ ဆွေမျိုးသားချင်းများနှင့်အတူ ရုပ်နာမ်အရအတူတကွပြန်လည်ရှိနေစေခြင်း၊ မျိုးချစ်စိတ်နှင့်စည်းလုံးညီညွတ်မှုအတွက် ဖော်ထုတ်လုပ်ဆောင်ပေးသည့် အနှစ်သာရရှိသော ပွဲတော်တရပ်ဖြစ်ပေသည်။ ထို့အတွက်ကြောင့် ပြည်တွင်းပြည်ပ နေရာအနှံ့ အပြားတို့တွင် ရောက်ရှိနေထိုင်ကြသော ကရင်အမျိုးသားများတို့အနေဖြင့် ကရင်ရိုးရာလက်ချည်ပွဲတော်ကို မိမိတို့၏ ထုံးတမ်းဓလေ့ ယဉ်ကျေးမှုပွဲတော် တရပ်အနေဖြင့် စုစုစည်းစည်း စုပေါင်းဖော်ထုတ်ပြသ၍ ထိန်းသိမ်းလုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဂုဏ်ပြုချည်ဖြူဖွဲ့လက်ချည်ပွဲနေ့တွင် ပြည်တွင်းပြည်ပရှိ ကရင်လူမျိုးများအားလုံးစုစည်း ပြီး မိမိတို့၏ရိုးရာဖြစ်သော ချည်ဖြူဖွဲ့ လက်ချည်ပွဲကို ဖေါ်ထုတ်ထိန်းသိမ်းရန်နှင့် ကရင်လူမျိုးမှပေါက်ဖွားလာသည်ဟု ခံယူသူကရင်အမျိုးသားများသည် ယခင်မိဘဘိုးဘွားများ ပြုလုပ်ဆောင်ရွက် ခဲ့ကြသည့်အတိုင်း နေရာဒေသအလိုက်၊ မျိုးနွယ်စုအလိုက် စုစည်းကြပြီး ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခြင်းဖြင့် မိမိတို့သည် ကရင်တမျိုးသားထဲမှ မွေးဖွားလာခဲ့ကြသည့် ကရင်လူမျိုးအဖြစ် အသိအမှတ်ပြုခံယူရင်းတစိတ်တဝမ်းတည်းရှိခြင်းအား ချစ်ခြင်းမေတ္တာ ဖြင့် ထုတ်ဖေါ်ပြသ ဖေါ်ဆောင်စေခြင်းသည် စည်းလုံးညီညွတ်မှု၏ လက္ခဏာတရပ်ဖြစ်ပေသည်။

လါးခု ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ပါဝင်အသုံးပြုသည့် ပစ္စည်း(၇)မျိုး ဖြစ်ကြသော ထမင်းဆုပ်၊ ကောက်ညှင်းထုပ်၊ ငှက်ပျောသီး၊ ကြံ၊ ပန်း၊ ရေ နှင့် ချည်ဖြူ တို့သည် ကရင်အမျိုးသားတို့၏ရှိခဲ့ကြသည့် အမျိုးသားလက္ခဏာရပ်များ ဖြစ်သော စည်းလုံးညီညွတ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ စိတ်ဆန္ဒပြင်းပြခြင်း၊ ဖွဲ့ရှိခြင်း၊ ကြိုးစားခြင်း၊ ရဲရင့်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ အမှန်တရားကို မြတ်နိုးတန်ဘိုးထားခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိကြခြင်းနှင့် ငြိမ်းချမ်းရေးကို ချစ်ခင်မြတ်နိုးခြင်းတို့ဖြစ်သည်။

မိမိတို့သည် လူမျိုးတမျိုးဖြစ်သည်နှင့်အညီ လူမျိုးတမျိုး၏ဂုဏ်သိက္ခာ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လူမျိုးတဦးချင်း စီတိုင်းတို့မှ ချစ်ခင်မြတ်နိုးတန်ဘိုးထားပြီး အစဉ်ခိုင်ခန့်တည်မြဲစွာရှိနေစေရန်အတွက် ထိန်းသိမ်းလိုစိတ် ရှိနေခြင်းကို စုပေါင်းဖေါ်ထုတ်ပြသခြင်းလည်းဖြစ်သည်။ ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သည် ဘာသာရေးကိုအခြေခံသောပွဲတော် မဟုတ်ပါ။ ကရင်အမျိုးသားများနှင့် ဆက်နွယ်ပါတ်သက်လာသည့် စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတရပ်ဖြစ်သည်။ လူတဦးချင်းစီတိုင်းမှ ထိုသို့သောယဉ်ကျေးမှုကို ဖေါ်ထုတ်လုပ်ဆောင်ခြင်းသည် မိမိတို့၏ လူမျိုးဂုဏ်သိက္ခာအား အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပေသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ကရင်အမျိုးသားထုတရပ်လုံး၏ အမျိုးသားရေးအသိစိတ်ဓါတ် အပြည့်အဝ ရရှိကြစေရန်နှင့် မိမိတို့လိုလားတောင့်တသော မျှော်လင့်ချက်များ၊ မျှော်မှန်းချက်များ၊ လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒပြုရင်းဖြင့် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်